# အရှေ့တောင်အာရှနိုင်ငံများအသင်း - မြန်မာအာဏာသိမ်းစစ်တပ်၏ ပါဝင်ပတ်သက်မှုကို ရပ်တန့်ရန်၊ ပြည်သူလူထုကိုကာကွယ်နိုင်မည့် အရေးပေါ်လုပ်ဆောင်ချက်များချမှတ်ရန်

## မြန်မာစစ်တပ်နှင့် “ပိုနေမြဲ ကျားနေမြဲ” အခြေအနေကို ထိန်းသိမ်းထားလိုသည့် သဘောထားပါဝင်သည့် ASEAN စာရွက်စာတမ်းပေါက်ကြား

(ဘန်ကောက်, နိုဝင်ဘာ ၁၀၊ ၂၀၂၂) - ယနေ့ပေါက်ကြားလာသော အာဆီယံစာရွက်စာတမ်းအရ မြန်မာနိုင်ငံအား အာဆီယံထိပ်သီးအစည်းအဝေးများနှင့် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးများမှလွဲ၍ ကျန်ရှိသော အာဆီယံအစည်းအဝေးများတွင် အပြည့်အဝပါဝင်ခြင်းခွင့်ပြုမည့် အကြောင်းအရာပါဝင်သော အကြံပြုချက်အား အရှေ့တောင်အာရှနိုင်ငံများအသင်း ခေါင်းဆောင်များအနေဖြင့် ငြင်းဆိုသင့်ကြောင်း Fortify Rights က ယနေ့ဖော်ပြထားပါသည်။ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများသည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် သောကြာနေ့တွင်ကျင်းပမည့် နှစ်ပတ်လည်ထိပ်သီးအစည်အဝေးတွင် အာဆီယံနိုင်ငံခေါင်းဆောင်များအား တင်ပြရန် ယနေ့ စာရွက်စာတမ်းအား သုံးသပ်ပြီး အကြံပြုချက်များနှင့်ပတ်သက်၍ ဆုံးဖြတ်မှာဖြစ်ပါတယ်။

**“အာဆီယံခေါင်းဆောင်များအနေဖြင့် အာဏာသိမ်းစစ်တပ်က မြန်မာနိုင်ငံ အကျပ်အတည်းများ၏ အဖြေမဟုတ်ဘဲ အဓိကတရားခံဖြစ်တာကို လက်တွေ့ကျကျ နားလည်လက်ခံဖို့လိုအပ်နေတယ်” Fortify Rights ၏ လူအခွင့်အရေးဆိုင်ရာ အထူးပုဂ္ဂိုလ် Patrick Phongsathornက ပြောပါတယ်။ ဆက်လက်ပြီးတော့ သူက “စစ်အစိုးရအပေါ် အလျှော့ပေးလိုက်လျောဆက်ဆံလိုတဲ့**

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

**အားထုတ်မှုအားလုံးဟာ စစ်တပ်ရဲ့နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ ကျူးလွန်မှုများနှင့် မြန်မာပြည်သူလူထု၏ ဆင်းရဲဒုက္ခများသာ ရှည်ကြာလာမည်ဖြစ်ပြီး ပိုမိုကျယ်ပြန့်သော ဒေသတွင်း  ဆိုးကျိုးသက်ရောက်မှုများ ရှိလာမှာဖြစ်ပါတယ်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ခြိမ်းခြောက်သော အာဏာသိမ်းစစ်အစိုးရအနေဖြင့် ထိုက်သင့်သောပုံစံဖြင့်သာ ဆက်ဆံခံရသင့်ပါတယ်"လို့ပြောပါတယ်။**

Fortify Rights (ဖော်တီဖိုင်းရိုက်) သည် မြန်မာနိုင်ငံအကျပ်အတည်းနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ညှိနှိုင်းဆွေးနွေးမှုများနှင့် နီးစပ်သော အရင်းအမြစ်တစ်ခုမှ ပေါက်ကြားလာသော အာဆီယံအတွင်းရေး စာရွက်စာတမ်းကို ရရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်အစည်းအဝေးအပြီးတွင် အာဆီယံဥက္ကဋ္ဌ-ကမ္ဘောဒီးယားမှ ရက်စွဲမပါသော စာရွက်စာတမ်းအား ပြင်ဆင်ခဲ့ကြောင်း သိရပါသည်။ စာတမ်းတွင် "လက်နက်ကိုင်အဖွဲ့အားလုံးမှ အကြမ်းဖက်မှုကြီးထွားလာခြင်းသည် အဓိကစိုးရိမ်စရာဖြစ်သည်"ဟူသော မြန်မာနိုင်ငံအခြေအနေအား ညီမျှစွာအကဲဖြတ်ခြင်းကဲသို့ အချက်အပါအဝင်  နံပါတ် (၁၁) ချက်ပါဝင်ပြီး ရှေ့လုပ်ငန်းစဉ်များအတွက် ယေဘုယျလမ်းညွှန်ချက်များနှင့် အကြံပြုချက်များပါ ပါဝင်ပါသည်။ ဤစာရွက်စာတမ်းတွင် အာဏာသိမ်းစစ်တပ်၏ အာဏာသိမ်းပြီး နိုင်ငံရေးအကျဉ်းသား ၁၂,၀၀၀ကျော် ဖမ်းဆီးခံရခြင်းများ (သို့မဟုတ်) စနစ်တကျ မှတ်တမ်းတင်ခံထားရသော စစ်တပ်၏ နိုင်ငံအနှံ့ ပြည်သူလူထုအပေါ် တိုက်ခိုက်မှုများနှင့် ပတ်သက်၍ ဖော်ပြထားခြင်းမရှိပါ။

မြန်မာအာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်မဟုတ်ပါ။ မြန်မာနိုင်ငံမှ နိုင်ငံရေးမဟုတ်သော ကိုယ်စားလှယ်များကိုသာ လက်ခံပြီး အာဆီယံထိပ်သီးအစည်းအဝေးများနှင့်

နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများတွင် မြန်မာစစ်အစိုးရ ကိုယ်စားလှယ်များကို အာဆီယံမှ ဖယ်ထုတ်ရန် သဘောတူညီမှုရှိထားပြီးဖြစ်ပါသည်။ Fortify Rights မှရရှိသော ပေါက်ကြားလာသောစာရွက်စာတမ်း၏ အချက်နံပါတ် (၄)တွင် "ဤမူဝါဒသည် ဆက်လက်တည်ရှိနေမည်ဟု အသိအမှတ်ပြုပါသည်" ဟူသောအချက်ပါဝင်ပါသည်။ ထိုအချက်အရ စာတမ်းတွင် "အခြားသော ဝန်ကြီးများအစည်းအဝေးများသည် လက်ရှိအနေအထားကို ထိန်းသိမ်းထားရမည်" ဟူသော အဓိပ္ပါယ်မှာ ထိုအစည်းအဝေးများတွင် စစ်အစိုးရ ကိုယ်စားလှယ်များကို ကြိုဆိုပါသည်ဟူသော အဓိပ္ပါယ်ရပါသည်။

စာတမ်းပါ အချက်(၂)တွင် အာဆီယံ၏ "အချက်ငါးချက် သဘောတူညီမှုကို ဆက်လက်ထိန်းသိမ်းထားရန်"နှင့် "အကောင်အထည်ဖော်မှု အစီအစဉ်ကို ရေးဆွဲရန်" အာဆီယံ အတွင်းရေးမှူးချုပ်ရုံးကို တာဝန်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားပါသည်။

စာတမ်းပါ အချက် (၈)တွင် အာဆီယံအနေဖြင့် သီးခြားအပြိုင် လမ်းကြောင်းနှစ်ခုဖြစ်သော အာဏာသိမ်းစစ်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် အာဆီယံဘုံသဘောတူညီချက်တို့အကြား ဆုံမှတ်အားရှာဖွေရန် "မဟာဗျူဟာ ပြောင်းပြန် အကောင်အထည်ဖော်ရေး ချဉ်းကပ်မှု" ဟူသော နိုင်ငံခြားရေး ဝန်ကြီးတစ်ဦးမှ အဆိုပြုထားနိုင်ဖွယ်ရှိသည့် အချက်အားဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် စစ်အစိုးရကိုယ်တိုင် သဘောတူညီခဲ့သော အာဆီယံဘုံသဘောတူညီချက် (၅)ချက်နှင့်အပြိုင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို မြန်မာစစ်အစိုးရက ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အဆိုတင်သွင်းခဲ့ပါသည်။ အာဆီယံဘုံသဘောတူညီမှုငါးချက်တွင် အကြမ်းဖက်မှုများ ချက်ခြင်းရပ်တန့်ရန်၊ သက်ဆိုင်သည့်အဖွဲ့အစည်းများ အပြုသဘောဆောင်သော ဆွေးနွေးမှုများပြုလုပ်ရန်၊ မြန်မာ့အရေး

ကြားဝင်ညှိနှိုင်းရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် ခန့်အပ်ရန်၊ လူသားချင်းစာနာမှုအကူအညီပေးရန်နှင့် အထူးသံတမန်မှ မြန်မာပြည်သို့ လာရောက်ရန်တို့ပါရှိပါသည်။ သဘောတူညီမှု အကောင်အထည်ဖော်ရန် လုပ်ဆောင်ရာတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆိုးရွားသော ကျရှုံးမှုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ခံရသည့် သဘောတူညီချက်ကို ချက်ချင်းနီးပါး ရှုတ်ချခဲ့သည်။

စစ်အစိုးရက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် အရေးပေါ်အခြေအနေ ရုပ်သိမ်းပြီးနောက် "လွတ်လပ်၍ တရားမျှတသော ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲ" ကျင်းပမည့် ရည်ရွယ်ချက်တစ်ခု ပါရှိပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာစစ်အစိုးရသည် ၎င်း၏အုပ်ချုပ်မှုကို ဆန့်ကျင်သူအားလုံးကို စနစ်တကျ ချေမှုန်းရန် ကြိုးပမ်းခဲ့သည်။ အာဏာသိမ်းပြီးနောက် ပထမခြောက်လတွင် Fortify Rights နှင့် ယေးလ်ဥပဒေကျောင်းရှိ Schell စင်တာသည် လူသတ်မှု၊ ထောင်ချမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ နှိပ်စက်ညှဉ်းပန်းမှု နှင့် အတင်းအကြပ်ပျောက်ဆုံးမှုများအပါအဝင် မြန်မာစစ်တပ်နှင့်ရဲများ၏ [လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကို မှတ်တမ်း]တင်ခဲ့သည်။ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)အရ စစ်အစိုးရက အာဏာတည်မြဲစေရန်အတွက် အာဏာသိမ်းပြီးကတည်းက လူပေါင်း ၁၆,၀၀၀ ကျော်ကို စနစ်တကျ ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ ယခုအချိန်အထိ အကျဉ်းထောင်များ နောက်ကွယ်တွင် ကျန်နေသေးသူ ၁၂,၀၀၀ ကျော်ရှိသေးကြောင်း သိရသည်။ နိုင်ငံရေးအကျဉ်းသားများတွင် သဘောထားခေါင်းဆောင်များ၊ အရပ်ဖက်အဖွဲ့အစည်းများ၏ အဖွဲ့အစည်းများ၊ အရေးပါသော နိုင်ငံရေးနှင့်ဆိုင်သော ပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ယခင် ရွေးကောက်ပွဲ စီမံအုပ်ချုပ်မှုတွင် ပါဝင်ပတ်သက်ခဲ့သော အစိုးရဝန်ထမ်းများ ပါဝင်သည်။ Fortify Rights နှင့်

Schell Center တို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ သတင်းသမားများနှင့် အရပ်ဖက်အဖွဲ့အစည်းခေါင်းဆောင်များ၏ အကျဉ်းချခံရမှုများ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အရာရှိများအား အကျဉ်းချခြင်းနှင့် အတင်းအကြပ် ဖမ်းဆီးခြင်းတို့ကို မှတ်တမ်းတင်ခဲ့သည်။

၂၀၂၂ ခုနှစ် ဇူလိုင်လအထိ စစ်အစိုးရသည် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ် သုံးဦးအပါအဝင် NLD ပါတီဝင် ၅၀ နီးပါးကို သတ်ဖြတ်ခဲ့ပြီး အာဏာသိမ်းပြီးနောက်ပိုင်း ပါတီဝင် ၉၀၀ နီးပါး ဖမ်းဆီးခံခဲ့ရကြောင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဆယ်စုနှစ်များစွာကြာ ဆိုင်းငံ့ထားခဲ့သည့် သေဒဏ်အားအသုံးပြုကာ NLD လွှတ်တော်အမတ် ဖြိုးဇေယျာသော်နှင့် ကိုဂျင်မီဟု လူသိများသော ဝါရင့်ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ ဦးကျော်မင်းယု အပါအဝင် နိုင်ငံရေးအကျဉ်းသား လေးဦးကို စစ်အစိုးရက ကွပ်မျက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းချိန်မှစ၍ လူပေါင်း ၁ ဒသမ ၁ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အရပ်သား ၃၀,၀၀၀ ကျော် ဖျက်ဆီးခံခဲ့ရကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်ထားသည်။

**“လာမည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဆိုသော စစ်အစိုးရ၏ အစီအစဉ်သည် ဟာသပြဇာတ်တစပုဒ်ကဲ့သို့ဖြစ်နေပြီး နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးက ထိုကဲ့သို့ ဆက်ဆံသင့်ပါတယ်” ဟု Patrick Phongsathorn က ပြောကြားခဲ့ပါတယ်။ "အာဆီယံခေါင်းဆောင်များသည် မြန်မာနိုင်ငံအရပ်သားလူထုအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျတိုက်ခိုက်မှုများ ကျူးလွန်နေသည့် စစ်အစိုးရကို ကျေနပ်စေရန် ဆက်လက်လုပ်ဆောင်မည့် မည်သည့် အစီအစဉ်ကိုမဆို ငြင်းပယ်ရမည်"ဟု ဆက်ပြီးပြောဆိုခဲ့ပါတယ်။**

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးမှ ထွက်ပေါ်လာသော စာမျက်နှာ နှစ်မျက်နှာပါ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အား အာဆီယံ ဝဘ်ဆိုဒ်မှ ဖယ်ရှားခဲ့ပြီး ပိုမိုတိုတောင်းသော စာပိုဒ်သုံးပိုဒ်ဖြင့် ပြန်လည်အစားထိုးခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်များအကြား သဘောထားကွဲလွဲမှုများကို မြင်တွေ့နိုင်ပါသည်။ ပြန်လည်ပြင်ဆင်ထုတ်ပြန်ထားသော ထုတ်ပြန်ချက်တွင် မူလထုတ်ပြန်ချက်တွင် ဖော်ပြထားသည့်အတိုင်း အာဆီယံဘုံသဘောတူညီချက် ၅ချက်အား အကောင်အထည်ဖော်ရာတွင် ခိုင်မာအားကောင်းစေရန် "တိကျသေချာ လက်တွေ့ကျပြီး အချိန်ကိုက်လုပ်ဆောင်မှုများ" လိုအပ်ကြောင်း ဖော်ပြထားမှုများ ပါဝင်ခြင်းမရှိတော့သည့်အပြင် လူသားချင်းစာနာမှုအကူအညီပေးပို့ခြင်းကဲ့သို့သော အခြားအဓိကကိစ္စရပ်များအတွက် အသေးစိတ်အချက်အလက်များကိုပါ ဖော်ပြရန်ပျက်ကွက်နေပါသည်။

ASEAN သည် Justice for Myanmar အဖွဲ့အစည်းမှ စစ်အာဏာရှင်လေတပ်သည် အရပ်သားများကို လေကြောင်းမှ တိုက်ခိုက်မှုများအတွက် တာဝန်ရှိသည်ဟူသော အချက်အား ဖော်ထုတ်တင်ပြထားသော်လည်း စစ်အစိုးရပိုင် Global New Light of Myanmarသတင်းစာမှ ဖော်ပြထားသကဲ့သို့ အာဆီယံမှ မြန်မာစစ်အစိုးရကို အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံတွင် ဥက္ကဋ္ဌအဖြစ် နိုဝင်ဘာ ၄ ရက်က ခန့်အပ်ခဲ့ခြင်းသည် အာဏာသိမ်းစစ်တပ်အပေါ် ဖြေလျှော့ပေးနေခြင်းဖြစ်သည်။ လေကြောင်း ကာကွယ်ရေးဦးစီးချုပ်များ ညီလာခံတွင် ဒေသတွင်း လေတပ်များ အကြား ပူပေါင်းများပါဝင်ပါသည်။

အာဆီယံအနေဖြင့် မြန်မာစစ်အစိုးရအား အာဆီယံအဖွဲ့အစည်း အစည်းအဝေးများအားလုံးတွင် ပါဝင်ခြင်းကို ဆိုင်းငံ့ထားသင့်ပြီး၊ မအောင်မြင်သော ဘုံသဘောတူညီမှုငါးရပ်ကို ဖျက်သိမ်းကာ မြန်မာနိုင်ငံ၏ အရပ်သားပြည်သူလူထုအား ကာကွယ်ရန် အရေးပေါ်အစီအမံများ ပြဋ္ဌာန်းသင့်သည်ဟု Fortify Rights မှ ယနေ့ ပြောကြားခဲ့သည်။

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

FORTIFY RIGHTS

မြန်မာစစ်အစိုးရ၏ လက်နက်၊ နှစ်ကြိမ်သုံးနည်းပညာ၊ လေကြောင်းလောင်စာဆီ၊ ဝင်ငွေနှင့် နိုင်ငံရေးအရ အသိအမှတ်ပြုမှုများ ပြတ်တောက်စေရန်အတွက် အရေးပေါ်ဆောင်ရွက်ချက်များတွင် မြန်မာဒုက္ခသည်များကို အကာအကွယ်ပေးရေး၊ နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ခွင့်ပြုပေးရေးများအား အရေးပေါ်အစီအမံများအဖြစ်သတ်မှတ်ကာ အခြားသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ အာဆီယံအနေဖြင့် ယခုအချိန်တွင် နိုင်ငံတကာ စင်မြင့်တွင် မြန်မာနိုင်ငံမှ တရားဝင် ကိုယ်စားလှယ်ဖြစ်သည့် အမျိုးသားညီညွတ်ရေး အစိုးရနှင့် ထိတွေ့ဆက်ဆံခြင်းကို ပြုလုပ်ရမည်ဖြစ်သည်။

**“မြန်မာစစ်အစိုးရက ဒီအကျပ်အတည်းရဲ့အဆင့်တိုင်းမှာ အာဆီယံရဲ့ကြိုးပမ်းမှုတွေကို အားနည်းစေခဲ့တယ်” ဟု Patrick Phongsathornကပြောပါတယ်။ “မြန်မာပြည်သူလူထုအနေနဲ့ ထပ်ပြီး မစောင့်နိုင်တော့ဘူး။ အာဆီယံအနေနဲ့ အခုအချိန်မှာ ခိုင်မာသေချာတဲ့ အရေးပေါ်အရေးယူမှုတွေလုပ်ဖို့ လိုအပ်နေပါတယ်။”**

ပိုမို သိရှိလိုပါက စုံစမ်းရန် -

Patrick Phongsathorn
Human Rights Advocacy Specialist
Fortify Rights
Patrick.Phongsathorn@fortifyrights.org

Matthew Smith
Chief Executive Officer
Fortify Rights
matthew.smith@fortifyrights.org